# ကယားပြည်နယ်၊
# ယစ်မျိုးခွန်ဥပဒေ

## ကယားပြည်နယ်၊ ယစ်မျိုးခွန်ဥပဒေ

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း (၁) | အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂) | ရည်ရွယ်ချက် | ၆ |
| ၄။ | အခန်း (၃) | ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်းနှင့်စည်းကြပ်ခြင်း | ၇ |
| ၅။ | အခန်း (၄) | အထွေထွေ | ၈ |

# ကယားပြည်နယ်၊ ယစ်မျိုးခွန်ဥပဒေ

**(၂၀၁၆ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ်၊ ၂၄ )**

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )**

## နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ အပိုဒ်၁၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း ယစ်မျိုးခွန်များစနစ်တကျကောက်ခံနိုင်ရေးအတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ်၊ ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေငြာသည့် နေ့ရက်မှ စတင်၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။



၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကယားပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနအကြီးအမှူးကို ဆိုသည်။

(င) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနအကြီးအမှူးကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဌာနအကြီးအမှူးကို ဆိုသည်။

(ဆ) **ယစ်မျိုးခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် သတ်မှတ်သော အခွန်အခများကို ဆိုသည်။

( ဇ ) **ယစ်မျိုးသက်ဝင်ပစ္စည်း** (Excisable article) ဆိုသည်မှာ ယစ်မျိုးဝင်ကုန်ပစ္စည်း (Excisable Goods)အပါအဝင် အရက် (Alcoholic Liquor) ကို ဆိုသည်။

( ဈ) **အရက်** (Alcoholic Liquor) ဆိုသည်မှာ ပမာဏအားဖြင့် အရက်ပျံ (Alcohol) ပမာဏ ၂% ထက် ပို၍ ပါဝင်သောအရည်အားလုံးကို လည်းကောင်း၊ တဆေးကဖော် ဖောက်ထားခြင်းမရှိသော ထန်းရည် (Tari)ကို လည်းကောင်း၊ အရက် (Alcoholic Liquor) ဖြစ်ကြောင်း မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော အရာဝတ္ထုများကို လည်းကောင်း ဆိုသည်။

(ည) **ဘီယာ** (Beer) ဆိုသည်မှာ (Ale.Stout. Porter) ခေါ် ဗျစ်ရည်၊ မုယောစပါးဖြင့် ကဖော်ဖောက်၍ ပြုလုပ်ထားသည့် တည်ရည်နှင့် မုယောကဖော်ဖြင့် ပြင်ဆင်ထုတ်လုပ်သည့် အရက်အပြင် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်သော အရက်များလည်း ပါဝင်သည်။

( ဋ ) **ပြည်တွင်းဖိုထွက်ချက်အရက်** (Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပျံပါဝင်သော မည်သည့်အရက်မျိုးကိုမဆို ဆိုသည်။



( ဌ ) **ထန်းရည်** (Tari) ဆိုသည်မှာ ကဖော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ၊ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့်အပင်အမျိုးမျိုးမှ ထွက်လာသော အရည်ကို ဆိုသည်။

( ဍ ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပျံပါဝင်သည့် အရက်ကို ဆိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့ ပါဝင်သည်။

( ဎ ) **သောက်ပျော်သောအရက်** (Potable Alcoholic Liquor) ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက်အရက်မှတစ်ပါး အရက်ပျံပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဏ) **မူလသတ္တိပျက်အရက်** (Denatured Liquor) ဆိုသည်မှာ လူအများသောက်သုံးရန် မသင့်သော ပြုပြင်ထားသည့်အရက်ကို ဆိုသည်။

(တ) **ထုတ်လုပ်ခြင်း** ဆိုသည့် စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်း တစ်စုံတစ်ရာကို ထွက်ရှိစေရန် သို့မဟုတ် ရရှိစေရန် စီမံပြုလုပ်ခြင်း၊ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်း၊

(၂) ပြန်၍ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပျံပါဝင်သည့် အရက်ကို ပြုပြင်ပေါင်းစပ်ခြင်း၊ အနံ့အရသာ ထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(ထ) **လက်လီ၊ လက်ကားရောင်းချမှု** (Retail and Whole Sale) ဆိုသည်မှာ ချက်အရက်ဖြစ်လျှင် ၁ ကွပ်၊ တည်အရက်ဖြစ်လျှင် ၄ ကွပ်၊ နိုင်ငံခြားအရက်ဖြစ်လျှင် ၁၂ ကွပ်အထိ ရောင်းချခြင်းကို လက်လီရောင်းချခြင်းဟု လည်းကောင်း၊ ယင်းအရေအတွက် အသီးသီးထက် ပိုမိုရောင်းချခြင်းကို လက်ကားရောင်းချခြင်းဟု လည်းကောင်း ဆိုသည်။

(ဒ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်ရယူ လျှောက်ထားလိုသူသည် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ဦးစွာလျှောက်ထား၍ ခရိုင်၊ ပြည်နယ်သို့အဆင့်ဆင့်တင်ပြပြီး လိုအပ်သည့် ခွင့်ပြုမိန့်ကိုရယူကာ ခရိုင်အုပ်ချုပ်ရေးမှူးက လိုင်စင်ထုတ်ပေးသည့်အချိန်မှစ၍ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်လအထိ လိုင်စင် သက်တမ်းကာလ သတ်မှတ်ပြီး ခွင့်ပြုမိန့်ထုတ်ပြန်ပေးခြင်းကိုဆိုသည်။



## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရက်သေစာ သောက်စားခြင်း အလေ့အထ လျော့နည်း၊ ပပျောက်စေရန်၊

(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက် ရောင်းချခြင်းမှာ အခွန်ငွေ ရရှိစေရန်အလို့ငှာ အဓိကမဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်၊ သေရည်သေရက်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းကို အခွန်ကောက်သည်ဟု အစဉ်နှလုံးသွင်းနိုင်စေရန်နှင့် ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေရရှိစေရန်။

## အခန်း(၃)

## ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်းနှင့် စည်းကြပ်ခြင်း

၄။ ယစ်မျိုးခွန်နှုန်းထားများကို ပူးတွဲပါအတိုင်း သတ်မှတ်ကောက်ခံသွားရန်နှင့် ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ယစ်မျိုးခွန်နှုန်းထားများကို လိုအပ်သလို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။ ပြင်ဆင်သတ်မှတ်နိုင်သည်။

၅။ ဝန်ကြီးသည် လေလံလိုင်စင်ကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်ဆောင်ရွက်နိုင်သည်။

၆။ လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လအတွင်း ပြန်လည်အပ်နှံပါက လိုင်စင်ခွန်၏ တစ်ဝက်ကို ပေးသွင်းရမည်။ ဘဏ္ဍာရေးနှစ်၏ ဒုတိယခြောက်လပတ်အတွင်း ပြန်လည်အပ်နှံပါက လိုင်စင်ခွန်ကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးလိုင်စင်ကို ပြန်လည်အပ်နှံခွင့်ရှိသည်။

၇။ လိုင်စင်ရရှိသူသည် လေလံရရှိသည့်အချိန်တွင် လေလံကြေး၏ ငါးပုံတစ်ပုံကို ပေးသွင်းရမည်။ ကျန်ငွေ၏ ခြောက်ပုံတစ်ပုံစီကို လစဉ် ၂၀ ရက်နေ့ထက် နောက်မကျဘဲပေးသွင်းရမည်။

၈။ ပုံသေလိုင်စင်ရရှိသူများသည် ယစ်မျိုးလိုင်စင်ကြေးတစ်ဝက်ကို လိုင်စင်မထုတ်ယူမီ ကြိုတင်ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လအတွင်း အပြေအကျေ ပေးသွင်းရမည်။



## အခန်း(၄)

## အထွေထွေ

၉။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းလုပ်ငန်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ယူဆောင်ရွက်ရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မိမိလက်အောက်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများကို တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ခင်မောင်ဦး

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့



## သတ်မှတ်သည့် ယစ်မျိုးလိုင်စင်ခွန်နှုန်းထားများ

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့်နှုန်းထား (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | D-1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့် နှင့် ချက်လုပ်ခွင့်လိုင်စင် | ထုတ်လုပ်မှုဂါလံ(၁)နေ့<br>၅၀-၅၀၀= ၁၂၀၀၀၀၀<br>၅၀၀-၁၀၀၀=၂၄၀၀၀၀၀<br>၁၀၀၀အထက်=၃၆၀၀၀၀၀ | |
| ၂ | D-1A | နိုင်ငံခြားအရက်များ (Foreign Spirit)ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်၊ ပုလင်းသွတ်ရန်၊ အရက်ချက် စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်၊ လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကား ရောင်းချခွင့် လိုင်စင် | ၁၂၀၀၀၀၀ | |
| ၃ | D-2 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင် | ၁၀၀၀၀၀ | |
| ၄ | W-1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့် လိုင်စင် | ၁၀၀၀၀ | |
| ၅ | FL-4 | ပြည်ပမှ တင်သွင်းသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit)ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့် | ၁၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ် ချက် |
|---|---|---|---|---|
| ၆ | FL-5 | နိုင်ငံခြားအရက်ပြင်း ( Foreign Spirit)ကို ပုလင်းသွတ်ခွင့် လိုင်စင် | ၁၀၀၀၀၀ | |
| ၇ | FL-6 | မြန်မာပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း(Foreign Spirit)ကို လက်ကား ရောင်းချခွင့်လိုင်စင် | ၁၅၀၀၀၀၀ | |
| ၈ | B-1 | ဘီယာစက်ရုံပိုင်ဆိုင်ခွင့်နှင့်ချက်လုပ်ခွင့် လိုင်စင် | ထုတ်လုပ်မှုဂါလံ(၁)နေ့<br>၅၀-၅၀၀=၅၀၀၀၀၀<br>၅၀၀-၁၀၀၀=၈၀၀၀၀၀<br>၁၀၀၀အထက်=၁၅၀၀၀၀၀ | |
| ၉ | B-2 | ဘီယာစက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့် မရှိသည့် လိုင်စင် | ၁၀၀၀၀၀ | |
| ၁၀ | FL-8 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သောဘီယာများကို လက်ကားရောင်းချခွင့် လိုင်စင် | ၁၂၀၀၀၀၀ | |
| ၁၁ | FL-9 | မြန်မာပြည်တွင်းရှိ ဘီယာစက်ရုံမှ ထုတ်လုပ်သော ဘီယာများကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် | ၇၀၀၀၀၀ | |



| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ် ချက် |
|---|---|---|---|---|
| ၁၂ | FL-11 | နိုင်ငံခြားအရက်များ (Foreign Spirit) လက်ကားရောင်းချခွင့် လိုင်စင် | ၇၀၀၀၀၀ | |
| ၁၃ | FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic liquor)ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဥပစာအတွင်း သောက်သုံးခွင့်မရှိသည့်လိုင်စင် | ၄၀၀၀၀၀ | |
| ၁၄ | FL-15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor ) ကို ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ပိုင်ရှင် သို့မဟုတ် မန်နေဂျာ အားဆိုင်ဖွင့်၍လက်လီရောင်းချခွင့်လိုင်စင် | ၆၀၀၀၀၀ | |
| ၁၅ | FL-16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | ၃၀၀၀၀၀ | |

| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ် ချက် |
|---|---|---|---|---|
| ၁၆ | FL-17 | နိုင်ငံခြားအရက်များ ( Foreign Alcoholic Liquor) ကို ဟိုတယ်နှင့်နားနေခန်း၊ ဘူတာ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားစားသောက်တွဲနှင့် စားသောက်ဆိုင်ဥပစာတွင် သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၈၀၀၀၀၀ | |
| ၁၇ | FL-21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၅၀၀၀၀၀ | |
| ၁၈ | FL-23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပျံ ရာခိုင်နှုန်း ၂၀မှ၄၅ထိ ပါဝင်သည့်ဆေးဘက်ဝင်သောဝိုင်နှင့် အလားတူ ဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကျန်းမာရေးဝန်ထမ်း သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | |



| စဉ် | လိုင်စင် အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့် နှုန်းထား (ကျပ်) | မှတ် ချက် |
|---|---|---|---|---|
| ၁၉ | FL-24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်းများ (Rectified Foreign Spirit)ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | ၅၀၀၀ | |
| ၂၀ | FL-20 | သန့်စင်ပြီး အရက်ပျံများကို သိုလှောင် သိမ်းဆည်းထားနိုင်ရန် တင်ချာ၊ အရက်ပြင်းနှင့် အခြား အရက်ပျံပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင် | ၅၀၀၀ | |
| ၂၁ | FL-2D | အရက်ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀ | |
| ၂၂ | Y-1 | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀ | |
| ၂၃ | Y-2 | တဆေးများ ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀ | |
| ၂၄ | CS-2A | အရက်ချက်လိုင်စင်ရ ဖိုထွက်အရက်၊ စက်ရုံထွက် အရက်၊ (အရက်ဖြူ)ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | ၁၀၀၀၀၀ | |

| စဉ် | လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ | သတ်မှတ်ကောက်ခံမည့်နှုန်းထား (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၂၅ | CFL-2A | ထန်းရည်၊ ဓနိရည်မှအပအခြားလျှော်စာရည်၊ ခေါင်ရည်များကိုစားသောက်ဆိုင် သို့မဟုတ်နားနေခန်း ဥပစာအတွင်းသောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | ၂၀၀၀၀ | |